Website: chinland.org Email: cnf.headquarters@gmail.com

# မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်း ဦးစီးဌာန၊ ကန်ပက်လက်မြို့နယ် က "မြေလွတ်၊ မြေလပ် နှင့် မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းကို ကန့်ကွက်လိုသူတို့က ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့် ကြော်ငြာစာ" နှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်

*******

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်း ဦးစီးဌာန၊ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ကန်ပက်လက်မြို့နယ် က "မြေလွတ်၊ မြေလပ် နှင့် မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းကို ကန့်ကွက်လိုသူတို့က ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့် ကြော်ငြာစာ" ကို ၂၀၁၇ ခုနှစ်၊ ဖွန်လ (၂) ရက်နေ့တွင် ကြော်ငြာခဲ့ပါသည်။

ယင်းကြော်ငြာစာတွင် ကန်ပက်လက်မြို့နယ်၊ ကျင်ဒွေးကျေးရွာအုပ်စု၊ ကွင်းအမည် ကျင်ဒွေးရွာသစ်၊ ဦးပိုင်အမှတ် .......၊ ဧရိယာ (၁၆၉၇) ဧကရှိ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းကို မုန်းချောင်းကုမ္ပဏီက သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိရန် လျှောက်ထားသဖြင့် အဆိုပါမြေကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် မပြုသင့်ကြောင်း ကန့်ကွက်လိုလျှင် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁) ရက် မတိုင်မီ မည်သူမဆိုလာရောက်ကန့်ကွက်နိုင်ကြောင်း၊ ထိုနေ့ရက်ကျော်လွန်မှ တင်သွင်းလာသည့် ကန့်ကွက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း၊ အကယ်၍ ထိုနေ့မတိုင်မီသော်လည်းကောင်း၊ ထိုနေ့ရက်သော်လည်းကောင်း ကန့်ကွက်လွှာများ မရလျှင် လျှောက်ထားသည့်အတိုင်း မုန်းချောင်းကုမ္ပဏီအား လုပ်ပိုင်ခွင့်၊ အသုံးပြုပိုင်ခွင့်ပေးမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ယင်းကြော်ငြာစာနှင့်ပတ်သက်၍ နယ်မြေဒေသခံများက ၂၀၁၇ ခုနှစ်၊ ဖွန်လ (၁၀) ရက်နေ့တွင်လည်းကောင်း၊ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီက ၂၀၁၇ ခုနှစ်၊ ဖွန်လ (၁၉) ရက်နေ့တွင်လည်းကောင်း၊ ကန်ပက်လက်မြို့နယ်အသင်း၊ ရန်ကုန်မြို့ က ၂၀၁၇ ခုနှစ်၊ ဖွန်လ (၂၁) ရက်နေ့တွင်လည်းကောင်း ကန့်ကွက်လွှာများ အသီးသီး ပေးပို့ခဲ့ကြပါသည်။

ချင်းပြည်နယ်၊ ဟားခါးမြို့တွင် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်မှ (၁၅) ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ချင်းအမျိုးသားညီလာခံ၏ ဘုံသဘောတူညီချက်များ၊ အပိုင်း (၈) "မြေယာ နှင့် သဘာဝသယံဇာတကိစ္စများ"ကဏ္ဍပါ အချက်များသည် ချင်းအမျိုးသားတို့၏ ဘုံသဘောထားရပ်တည်ချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ချင်းပြည်၏ မြေယာ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်ပတ်သက်၍ စီမံခန့်ခွဲရာတွင် ချင်းအမျိုးသားတို့၏ ဘုံသဘောထားရပ်တည်ချက်များကို အလေးထားလုပ်ဆောင်ရန် တိုက်တွန်းအပ်ပါသည်။

ထို့ပြင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁)၊ မြေယာ နှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍမူဝါဒ သဘောတူညီချက်တွင် "နိုင်ငံလုံးဆိုင်ရာ ဘက်ညီမျှတသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေသည့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု မြေယာမူဝါဒ ဖြစ်စေရန်၊ သင့်တော်မျှတ၍ တရားနည်းလမ်းကျမှုကို အခြေခံစေရန်" စသည့် အခြေခံမူများကို ချမှတ်ထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မုန်းချောင်းကုမ္ပဏီ၏ လျှောက်ထားချက်နှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဦးစီးဌာနများက ဒေသခံပြည်သူလူထု၏ သဘောထားဆန္ဒနှင့်အညီ စီမံဆောင်ရွက်ပေးရန် အလေးအနက် တောင်းဆိုထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး (CNF)
၂၀၁၇ ခုနှစ်၊ ဖွန်လ (၃၀) ရက်။